UNITED NATIONS
MYANMAR

**ချင်းပြည်နယ်၊ မင်းတပ်မြို့တွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်**

(ရန်ကုန်၊ ၂၂ မေ ၂၀၂၁)။ မြန်မာနိုင်ငံ အနောက်ဘက်ရှိ ချင်းပြည်နယ် မင်းတပ်မြို့တွင် လုံခြုံရေးတပ်ဖွဲ့များက အရပ်သားများအပေါ် ခွဲခြားမှုမရှိဘဲ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးခြင်းများနှင့် အရပ်သားများထိခိုက်သေဆုံးမှုများ ရှိကြောင်းသိရှိရပါသည်။ ယင်းကဲ့သို့ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်မှုများ၏ အကျိုးဆက်များ အပေါ် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂက စိုးရိမ်လျက်ရှိပါသည်။

မေလ ၁၂ ရက်နေ့မှစ၍ မင်းတပ်မြို့တွင် ပစ်ခတ်မှုများအရှိန်မြင့်တက်လာရာမှ လူပေါင်း ၄,၀၀၀ ခန့် နေရပ်စွန့်ခွာခဲ့ရသည်ဟု ဒေသခံများက သတင်းပေးပို့ခဲ့ပါသည်။ နေရပ်စွန့်ခွာသူ အရေအတွက်ကို အတည်မပြုနိုင်သေးသော်လည်း ထောင်နှင့်ချီမည်ဟု ခန့်မှန်းထားပါသည်။ ၎င်းတို့သည် အနီးအနားရှိ တောတောင်များထဲတွင် ဘေးရန်ကင်းပြီး အကာအကွယ်ရယူနိုင်ရန် ပုန်းခိုနေရလျက်ရှိပါသည်။ မင်းတပ်မြို့တွင်မူ အရပ်သားအများအပြားကျန်ရှိနေပြီး ပစ်ခတ်မှုများ ဖြစ်ပေါ်စဉ်အတွင်း ထွက်ပြေးခွင့်မရှိခဲ့ကြကြောင်း သိရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့များကြောင့် အရပ်သားများ၏ အိုးအိမ်စည်းစိမ်များ ပျက်စီးခြင်း၊ အဖျက်အဆီးခံရခြင်းနှင့် သိမ်းယူခံရခြင်းများရှိကြောင်း သတင်းပေးပို့ချက်များလည်း ရှိပါသည်။ အကြမ်းဖက်မှုများကြောင့် အပြင်းအထန် ဒဏ်ရာရ၊ အသက်ဆုံးရှုံးသွားသည့် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များရှိပြီး အရေအတွက်ကိုမူ အတည်မပြုနိုင်သေးပါ။ အရပ်သားများကို ပစ်ခတ်မှုများတွင် လူသားဒိုင်းသဖွယ် အကာအကွယ်ယူခြင်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခြင်းများရှိနေသည်ဆိုသည့် သတင်းများအပေါ်လည်း ကုလသမဂ္ဂက စိုးရိမ်လျက်ရှိပါသည်။

ထွက်ပြေးသွားရသူများနှင့် ကျန်ခဲ့သူများပါ စားနပ်ရိက္ခာ၊ ရေ၊ ခိုလှုံရာနေရာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အရေးတကြီး လိုအပ်လျက်ရှိပြီး လိင်အခြေပြု အကြမ်းဖက်မှုဆိုင်ရာနှင့် လူမှုစိတ္တပိုင်းဆိုင်ရာ အကူအညီများလည်း လိုအပ်နေပါသည်။ ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် လိုအပ်ချက်များ လေ့လာဆန်းစစ်ပြီး ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ သို့ရာတွင် လုံခြုံရေးအခြေအနေနှင့် လမ်းပိတ်ဆို့မှုများအပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနိုင်ရေး သွားလာခွင့် အခက်အခဲများကြောင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်နေပါသည်။

• • No.6, Natmauk Road • P.O Box 650 Yangon • Republic of the Union of Myanmar • Phone: (95-1)542910~19 • Fax: (95-1) 545634 •

လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် အရပ်သားများနှင့် အများပြည်သူပိုင်အဆောက်အဦများကို မထိခိုက်စေရန် လိုအပ်သလို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရန်နှင့် တိုက်ခိုက်သူနှင့်အရပ်သားများအကြား ပစ်မှတ်ခွဲခြားခြင်း၊ လိုအပ်မှသာလျှင် ပစ်ခတ်ခြင်း၊ အင်အားအလွန်အကျွံအသုံးမပြုခြင်းနှင့် အရပ်သားများကို ကာကွယ်စောင့်ရှောက်ခြင်း အစရှိသည့် အခြေခံ မူဝါဒများကို လိုက်နာရန် ကုလသမဂ္ဂက တောင်းဆိုလိုက်ပါသည်။

ထို့အပြင် အန္တရာယ်ရှိသည့် နေရာများမှ ထွက်ခွာချင်သည့် အရပ်သားများကို တားဆီးခြင်း သို့မဟုတ် ကြန့်ကြာစေခြင်းများမဖြစ်စေဘဲ ခွင့်ပြုပေးရန်၊ ၎င်းတို့၏ ဘေးကင်းမှုအတွက် လုံခြုံရေးယူပေးရန်၊ ဒဏ်ရာရရှိသူများကို ဘေးကင်းလုံခြုံသည့် ကျန်းမာရေး စောင့်ရှောက်ရာ နေရာများဆီသို့ လွှဲပြောင်းပို့ဆောင်ပေးရန် ထပ်မံတောင်းဆိုလိုက်ပါသည်။

အကြမ်းဖက်မှုများမှ ထွက်ပြေးရသူများ၊ မိမိတို့၏ နေအိမ်များထဲတွင် ပိတ်မိနေသူများနှင့် ထိခိုက်သူအားလုံးကို ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်သည့် လုပ်ဖော်ကိုင်ဖက်များက ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ပေးရာတွင် ပါဝင်ပတ်သက်သူအားလုံးအနေဖြင့် အကူအညီပေးရန်နှင့် ဘေးကင်းပြီး နှောင့်နှေးကြန့်ကြာမှုမရှိသည့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနိုင်ရေး သွားလာခွင့်များ ပေးပါရန် မိမိတို့က တိုက်တွန်းလိုက်ပါသည်။

ကုလသမဂ္ဂသည် လူသားချင်းစာနာခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း နှင့် လွတ်လပ်ခြင်း အစရှိသည့် နိုင်ငံတကာ အသိအမှတ်ပြု မူဝါဒများနှင့်အညီ မည်သည့်နေရာတွင်မဆို အကူအညီလိုအပ်နေသူများကို ကာကွယ်စောင့်ရှောက်ပေးသည့်ဝန်ဆောင်မှုများနှင့်  လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ခိုင်မာသော သန္နိဋ္ဌာန်အား ထပ်လောင်း အတည်ပြုလိုက်ပါသည်။

***မီဒီယာများ ဆက်သွယ်ရန်-***

*Valijon Ranoev*
*Public Information Officer*
*Office for the Coordination of Humanitarian Affairs +95970007815, ranoev@un.org*

*David Swanson*
*Regional Public Information Officer*
*UN Development Coordination Office, +66 6 5982 5682, swanson@un.org*